FAME

The Leading Manufacturer of
Natural & Organic Medicines in Myanmar





# သဘာဝအော်ဂဲနစ်



## ဆေးဝါးလမ်းညွှန်








Collagen
HAIR
NAILS
SKIN
HEALTH
NEW
FAME
Collagen
Hair, Nail & Skin Health


ထွက်ပြီ
အပင်
ကရတဲ့
from plant sources
FAME
30
Liquid Capsules
Omega 3·6·9
Rosehip . Sea Buckthorn . Flax

# မာတိကာ


| | |
|---|---|
| ပရိုဘိုင်အိုတစ် ဆိုသည်မှာ | 1 |
| Superior Coating Technology | 2 |
| Organic ဆေးဝါးဆိုသည်မှာ | 3 |


## ဆေးနှင့် ဖြည့်စွက်ဆေးဝါးများ


| | | | |
|---|---|---|---|
| Alfalfa | Appletec® | Arthrotec® | 4 |
| BeePollen | Biocrush® | BlackGinger | 5 |
| Blueberry | Bromelain | Chamomile | 6 |
| Chitobit® | Chlorella | Cholecrush® | 7 |
| Collagen | Completec® | Cordyceps | 8 |
| Curcumin | DiabeHerb® | Ganocan® | 9 |
| GreenTea | GynuHerb® | Hepa-B® | 10 |
| HerbalFresh® | HerbalSleep® | Honokiol | 11 |
| Immugin® | Immunoplex® | JavaHerb® | 12 |
| Ladymax® | Luteolin | Mangosteen | 13 |
| MilkThistle | Moringa | Nature-A® | 14 |
| Nature-C® | Nature-Q10® | Nemogin® | 15 |
| Nephrotec® | Neurodopa® | Neurogin® | 16 |
| Nonicap® | Normosin® | Osteomax® | 17 |
| Papaya | Phototec® | Pomegranate | 18 |
| Rejuvir® | Resveratrol | RoyalJelly | 19 |
| SawPalmetto | Soyamin® | SpiruEmblica® | 20 |
| SpiruGarlic® | Tinoflam® | Tomatec® | 21 |
| Uritec® | Urocrush® | Vegeplex® | 22 |
| Wheatgrass | WoundHealer | Echinacold® | 23 |
| Omega 3-6-9 | Salixin® | Starnise® | 24 |
| Vomigin® | | | 25 |

## ပရိုဘိုင်အိုတစ် ထုတ်ကုန်များ


| | | | |
|---|---|---|---|
| Biogurt® | BioMune | | 25 |
| BioBeauty | BioFat | BioKid | 26 |
| BioOral | BioPar | | 27 |


## လူသုံးကုန်ပစ္စည်းများ


| | | | |
|---|---|---|---|
| Aloeheal® | | | 27 |
| Herbigesic® | Nemoderm® | Propolis Honey | 28 |
| Herbicough® | Glucose | Ginger Powder | 29 |
| Turmeric Powder | Stevia | | 30 |


## ပျားရည်ထုတ်ကုန်များ


| | | |
|---|---|---|
| Asparagus Honey | | 30 |
| Citric Honey | Garlic Honey | 31 |
| Licorice Honey | Natural Organic Honey | 31 |
| Natural Honey | Noni Honey | 32 |
| Pyomay Honey | Tinospora Honey | 32 |


## အလှကုန်ပစ္စည်းများ


| | |
|---|---|
| Anti-acne Gel | 34 |
| Antioxidant Cream | 35 |
| Anti-wrinkle Cream | 36 |
| Breast Beauty Cream | 37 |
| Depigmentation Cream | 38 |

| | |
|---|---|
| ကျန်းမာသက်ရှည်စေနိုင်သည့် Senolytic ဆေးဝါးများ | 39 |
| ကင်ဆာရောဂါ ကုသရာတွင် တွဲဖက်အသုံးပြုနိုင်သည့် Natural Supplement များ | 41 |
| ရောဂါတစ်ခုချင်းစီအလိုက် ဆေးအတွဲများ | 43 |
| FAME စာပေတိုက်ထုတ် ကျန်းမာသုတ စာအုပ်များ | 65 |

# ပရိုဘိုင်အိုတစ် ဆိုသည်မှာ

ကျွန်ုပ်တို့၏ ခန္ဓာကိုယ်ထဲတွင် ထရီလီယံပေါင်းများစွာသော ဘက်တီးရီးယားများ ရှင်သန်နေထိုင်ကြသည်။ အများစုသည် လူသားများနှင့် အတူယှဉ်တွဲနေထိုင်ရန် ဆင့်ကဲပြောင်းလဲလာသည့် အန္တရာယ်မရှိသော သက်ရှိများသာဖြစ်သည်ဟု ယခင်က ယူဆခဲ့ကြသည်။ သို့သော် ယင်းတို့သည် လူသားတို့၏ ကျန်းမာရေးအတွက် အရေးကြီးသော အခန်းကဏ္ဍများ၌ ပါဝင်ကြောင်း သုတေသနများအရ သိရှိလာကြသည်။

အတိုချုပ်ပြောရလျှင် ပရိုဘိုင်အိုတစ်များသည် ခန္ဓာကိုယ်ကို ကျန်းမာစေပြီး လုပ်ငန်းဆောင်တာများ ကောင်းမွန်စွာလည်ပတ်စေရန် ကူညီပေးသည့် အကျိုးပြု ဘဝလက်တွဲဖော် ဘက်တီးရီးယားများ ဖြစ်ပါသည်။

# ပရိုဘိုင်အိုတစ် ၏ လုပ်ဆောင်ချက်

သာမန်လူတစ်ဦးတွင် ပရိုဘိုင်အိုတစ် ၁.၅ ကီလိုဂရမ်ခန့်ရှိပြီး အဆိုပါပရိုဘိုင်အိုတစ်များက အစာချေဖျက်ရန် ကူညီပေးသည့်အပြင် အစာအိမ်၏ လုပ်ငန်းဆောင်တာများကို မျှတအောင် လုပ်ဆောင်ပေးပါသည်။ အစာအိမ်နှင့် အူလမ်းကြောင်းနံရံတစ်လျှောက် နေရာယူထားပြီး အာဟာရများ စုပ်ယူပေးသောကြောင့် မလိုလားအပ်သော ဘက်တီးရီးယားများနေရာယူပေါက်ပွားခြင်းကို တားဆီးပေးနိုင်သည်။ ထိုဘက်တီးရီးယားများ ပွားများမှုကို ဟန့်တားသည့် အရာများကိုလည်း ထုတ်လုပ်ပေးနိုင်ပါသည်။ ဤနည်းဖြင့် လူသားနှင့် အူလမ်းကြောင်းအတွင်းရှိ ပရိုဘိုင်အိုတစ်များသည် အပြန်အလှန်အကျိုးပြုပြီး ရှင်သန်နေထိုင်ကြပါသည်။

သို့သော် ယနေ့ခေတ် နေထိုင်စားသောက်မှု ပုံစံများသည် ခန္ဓာကိုယ်ရှိ ပရိုဘိုင်အိုတစ် အစုအဖွဲ့များ၏ ဟန်ချက်ညီမှုကို ထိခိုက်စေလျက်ရှိသည် (ဥပမာ ပဋိဇီဝဆေးဝါးများ သောက်သုံးခြင်း၊ လွန်ကဲစွာ ပြုပြင်ထားသော အစားအစာများ စားသုံးခြင်း၊ အိပ်ချိန် လုံလောက်စွာမရခြင်း၊ ဆေးလိပ် သောက်ခြင်းနှင့် အရက် အလွန်အကျွံသောက်ခြင်း)။ ထို့ကြောင့် ပရိုဘိုင်အိုတစ်များကို စနစ်တကျ ပြန်မဖြည့်စွက်ပေးလျှင် အန္တရာယ်ရှိသော ဘက်တီးရီးယားများ ခန္ဓာကိုယ်ထဲသို့ အလွယ်တကူ ဝင်ရောက်နိုင်ပါသည်။

ထို့ကြောင့် မိမိလိုအပ်သော အကျိုးကျေးဇူးအလိုက် သင့်လျော်သည့် ပရိုဘိုင်အိုတစ်များကို ရွေးချယ်သောက်သုံးခြင်းဖြင့် ခန္ဓာကိုယ်ရှိ ပရိုဘိုင်အိုတစ် အစုအဖွဲ့များအား ပြန်လည်ဟန်ချက်ညီ မျှတ ကောင်းမွန်စေပါသည်။


















# Superior Coating Technology

## သာလွန်ကောင်းမွန်သော နှစ်ထပ်ကာကွယ်ပေးနိုင်သည့် နည်းပညာ

ပရိုဘိုင်အိုတစ်များကို သောက်သုံးရာတွင် အာနိသင် အပြည့်အဝ ရရှိနိုင်စေရန်အတွက် အူလမ်းကြောင်း အတွင်းသို့ ရှင်သန်လျက်အနေအထားနှင့် ရောက်ရှိရန် အထူးလိုအပ်ပါသည်။ ပရိုဘိုင်အိုတစ်များကို သောက်သုံးလိုက်သောအခါ ရှေးဦးစွာ အစာအိမ်အတွင်းသို့ ရောက်ရှိပါသည်။ အကာအကွယ်မရှိသော သာမန် ပရိုဘိုင်အိုတစ်များသည် အစာအိမ် အက်ဆစ်ဒဏ်ကြောင့် သေကျေပျက်စီးသွားနိုင်သဖြင့် မည်မျှပင် ပမာဏများများ သောက်သုံးစေကာမူ လိုအပ်သော အာနိသင်များကို ပေးစွမ်းနိုင်မည် မဟုတ်ပါ။

ကျွန်ုပ်တို့ FAME ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ တင်သွင်းဖြန့်ချိသော တောင်ကိုရီးယားနိုင်ငံတွင် ထုတ်လုပ်သည့် ပရိုဘိုင်အိုတစ်များကို **ကာကွယ်မှု အလွှာနှစ်ဆင့်ဖြင့် ဖုံးအုပ်ထားသော နည်းပညာ** (Dual Coating Technology) ဖြင့် ထုတ်လုပ်ထားပါသည်။ အဆိုပါ တစ်မူထူးခြားပြီး ကမ္ဘာ့နိုင်ငံများတွင် မူပိုင်ခွင့် မှတ်ပုံတင် ထားသော နည်းပညာသည် ပါဝင်သော ပရိုဘိုင်အိုတစ်ပိုးလေးများကို အက်ဆစ်ဒဏ်နှင့် အပူဒဏ်ကဲ့သို့သော ပြင်းထန်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများမှ ကာကွယ်ပေးနိုင်ပါသည်။

ထို့ကြောင့် အဆင့်မြင့် Dual Coating စနစ်ဖြင့် ပရိုဘိုင်အိုတစ်များကို အကောင်းဆုံး ကာကွယ်ပေးထားသည့် အတွက် Coating မပြုလုပ်ထားသော ပရိုဘိုင်အိုတစ်များထက် အူလမ်းကြောင်းတွင် အဆ (၁၀၀) အသက်ရှင် နိုင်စွမ်းရှိပြီး ပရိုဘိုင်အိုတစ် အကျိုးအာနိသင်များကို အပြည့်အဝရရှိစေပါသည်။




DUAL COATED PROBIOTICS

# Organic ဆေးဝါးဆိုသည်မှာ

Organic ဆေးဝါးဆိုသည်မှာ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစေရန် ရည်ရွယ်ပြီး ဆေးပင်များကို စတင်စိုက်ပျိုးထုတ်လုပ်သည်မှစ၍ ဓာတ်မြေဩဇာ၊ ဓာတုပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး အစရှိသည့် ဓာတုပစ္စည်းများ လုံးဝအသုံးပြုခြင်းမရှိဘဲ သဘာဝနည်းပညာဖြင့် စိုက်ပျိုးထုတ်လုပ်ထားသော ဆေးဝါးကုန်ကြမ်းများကို အသုံးပြုရုံသာမက ဆေးဝါးထုတ်လုပ်သည့် နည်းစဉ်အဆင့်ဆင့်တိုင်းတွင်လည်း သတ်မှတ်ထားသည့် အော်ဂဲနစ်စံချိန်စံညွှန်းအတိုင်း ထုတ်လုပ်ထားသော ဆေးဝါးများကို ဆိုလိုပါသည်။ ထို့ပြင် မျိုးဗီဇပြုပြင်ထားသော အပင်နှင့် အပင်ထွက်ပစ္စည်းများကိုလည်း အသုံးပြုခြင်း မရှိကြောင်း အာမခံနိုင်ရပါမည်။

Organic ဆေးဝါးများသည် အစွမ်းအာနိသင် ထက်မြက်ရုံသာမက ဘေးထွက်ဆိုးကျိုး လွန်စွာ နည်းပါးသဖြင့် ရေရှည်သောက်သုံးရသောသူများအတွက်  အထူးသင့်လျော်ပါသည်။



## Alfalfa (အယ်လ်ဖာဖာအားဆေး)






- အယ်လ်ဖာဖာအရွက်သည် ကမ္ဘာပေါ်တွင် အာဟာရဓာတ် အပြည့်ဝဆုံးသော အရွက်တစ်မျိုးဖြစ်ပြီး အမိုင်နိုအက်ဆစ်၊ ဗီတာမင်၊ သတ္တုဓာတ်နှင့် အပင်မှ ရသော အာဟာရဓာတ်များ စုံလင်စွာ ပါဝင်သည်။
- ခန္ဓာကိုယ်တွင်းရှိ အဆိပ်အတောက်များကို ကင်းစင်စေပြီး ကိုယ်ခန္ဓာ အနံ့ဆိုးများကို သန့်စင်ပေးနိုင်ကာ အူလမ်းကြောင်းဆိုင်ရာလုပ်ငန်းများကို ကောင်းမွန်စေသည်။
- ဟော်မုန်းဖြစ်စဉ်များကို ညီညွတ်မျှတစေပြီး သွေးကို သန့်စင်စေရုံသာမက အသားအရေကို ကြည်လင်လှပစေသည်။

## Appletec® (ပန်းသီးဆေး)






- ပန်းသီး အဆီအနှစ်နှင့် ဂျပန်ငုပန်း အဆီအနှစ်မှရသော ကွာစီတင် (Quercetin) သည် အဆိပ်အတောက်များကြောင့် သွေးကြောနံရံ ပျက်စီးမှုကို ကာကွယ်ပေးသော အာနိသင်ရှိသဖြင့် နှလုံးသွေးကြောကျဉ်း ရောဂါနှင့် နှလုံးရောဂါအမျိုးမျိုးကို ကာကွယ်၊ ကုသရာ၌ အသုံးပြုနိုင်သည်။
- အဆစ်အမျက်ရောင်ရောဂါနှင့် အခြားရောင်ရမ်းခြင်း အမျိုးမျိုးကို ကာကွယ်၊ ကုသရာ၌ အသုံးပြုနိုင်သည်။
- အဖုအကျိတ်နှင့်ပတ်သက်သော ရောဂါများတွင် အသုံးပြုနိုင်သည်။
- အသက်အရွယ်ကြောင့်ဖြစ်သော လက္ခဏာများကို လျှော့ချပေးနိုင်ပြီး ကျန်းမာနုပျိုခြင်းကို အထောက်အကူပြုသည်။

## Arthrotec® (အဆစ်အားဖြည့်ဆေး)






- ငါးအရိုးနုမှရသော Glucosamine နှင့် Chondroitin တို့အပြင် Hydrolysed Collagen Type 2 Peptides နှင့် Hyaluronic Acid တို့ပါ Natural Matrix ပုံစံဖြင့် ပေါင်းစပ်ပါဝင်သောကြောင့် အရိုးအဆစ်များအတွက် တစ်မျိုးတည်းနှင့် ပြီးပြည့်စုံပါသည်။
- အရိုးအဆစ်များကို သန်မာကြံ့ခိုင်စေပြီး အဆစ်အမျက်ရောင်ရောဂါကို ကာကွယ်၊ ကုသရာ၌ အသုံးပြုနိုင်သည်။
- အားကစားသမားများ၊ အရိုးကြီးပေါင်းရှိသူများ၊ အလုပ်ဒဏ်နှင့် အသက်အရွယ် ကြောင့် အရိုးနုနှင့် အဆစ်ကြားရှိ ချောဆီခန်းခြောက်၍ အရိုးအဆစ် ရောင်ရမ်း နာကျင်သူများ သောက်သုံးနိုင်သည်။

## BeePollen (ပျားဝတ်မှုန်ဆေး)






- ပျားဝတ်မှုန်နှင့် ခရမ်းချဉ်သီးအမှုန့်တို့ ပေါင်းစပ်ပါဝင်သည်။
- လူတစ်ယောက်အတွက် လိုအပ်သော အာဟာရဓာတ်များ၊ အင်ဇိုင်းဓာတ်များ၊ သွေးကြောကို ခိုင်မာစေသော ဓာတ်များနှင့် အရောင်ကျစေသော ဓာတ်ပစ္စည်းများ ကြွယ်ဝစွာ ပါဝင်သည်။
- အာဟာရဖြည့်စွက်စာအနေဖြင့် ကလေး၊ လူကြီး၊ ကျား/မ မရွေး သောက်သုံးနိုင်သည်။
- အသက် ၅၀ ကျော်အမျိုးသားများတွင်ဖြစ်တတ်သော ဆီးကျိတ်ရောင်ခြင်းနှင့် ဆီးကျိတ်ကြီးခြင်း (BPH) ဝေဒနာများကို ကြိုတင်ကာကွယ်ရန် အသုံးပြုနိုင်သည်။

## Biocrush® (တပင်တိုင်မြနန်းဆေး)






- တပင်တိုင်မြနန်းကို မြန်မာနိုင်ငံတွင် ရှေးယခင်ကတည်းက အဖုအကျိတ်အမျိုးမျိုးကို ကုသရာ၌ အသုံးပြုခဲ့ကြသည်။
- ပုံမှန်မဟုတ်သော ဆဲလ်ပွားများနှုန်းကို ဟန့်တားပေးနိုင်သောကြောင့် အဖုအကျိတ် အမျိုးမျိုးကို ကုသရာ၌ အသုံးပြုနိုင်သည်။
- သားအိမ်၊ သားအိမ်ခေါင်း၊ သားဥအိမ်စသည့် အမျိုးသမီးသားဖွားလမ်းကြောင်းဆိုင်ရာ အဖုအကျိတ်များနှင့် ရင်သားအဖုအကျိတ်များကို ကုသရာ၌လည်း အသုံးပြုနိုင်သည်။

## BlackGinger (ဂျင်းနက်ဆေး)






- ဂျင်းနက်သည် ကျန်းမာနုပျိုစေသည့်အပြင် ဆံသားအတွက် လိုအပ်သော အာဟာရဓာတ်များကို ဖြည့်ဆည်းပေးနိုင်သောကြောင့် ဆံသားများကို နက်မှောင်သန်စွမ်းစေသည်။
- ဓာတ်မတည့်ခြင်းနှင့် ဆက်စပ်သောရောဂါများ ကုသရာတွင် အသုံးပြုနိုင်သည်။
- ရှေးယခင်ကတည်းက ဂျင်းနက်ကို အမျိုးသား ခွန်အားတိုးစေရန်အတွက် သုံးစွဲခဲ့ကြပြီး ခန္ဓာကိုယ် ကျန်းမာကြံ့ခိုင်စေသည့်အပြင် ကြွက်သားများကိုလည်း သန်မာစေရန် လုပ်ဆောင်ပေးနိုင်သည်။






## Blueberry (ဘလူးဘယ်ရီဆေး)

- ဘလူးဘယ်ရီသီး အဆီအနှစ်မှ ရရှိသော ပရိုအင်သိုဆိုင်ရာနီဒင် (Proan-thocyanidin) ပါဝင်သည်။
- အဖုအကျိတ်နှင့် ပတ်သက်သော ရောဂါများတွင် အသုံးပြုနိုင်သည့်အပြင် ရောင်ရမ်းနာကျင်ခြင်းကိုလည်း သက်သာစေသည်။
- ဇရာကြောင့်ဖြစ်သော မှတ်ဉာဏ်လျော့ပါးမှုကို နှေးကွေးစေပြီး မှတ်ဉာဏ်ကို ကောင်းမွန်စေနိုင်ပါသည်။
- နှလုံးကျန်းမာရေးကို ကူညီပေးနိုင်ပြီး နှလုံးသွေးကြောကျဉ်း ရောဂါများအတွက်လည်း အထောက်အကူပြုသည်။






## Bromelain (နာနတ်သီးဆေး)

- ဘရိုမယ်လိန်း (Bromelain) သည် အစာခြေစနစ်၏ လုပ်ငန်းများကို ပိုမိုကောင်းမွန်စေပြီး အသက်အရွယ်ကြီးရင့်သူများ၊ အကြောင်းအမျိုးမျိုးကြောင့် အစာကြေရန် ခက်ခဲနေသူများအတွက် သင့်လျော်သည်။
- နာတာရှည် လေပြွန်ရောင်ရောဂါနှင့် ထိပ်ကပ်နာရောဂါများကို သက်သာစေသည်။
- ကြွက်သားများ တောင့်တင်းခြင်း၊ ရောင်ရမ်းခြင်း၊ ထိခိုက်ဒဏ်ရာကြောင့် အညိုအမည်းစွဲခြင်း၊ နာကျင်ခြင်းနှင့် နာတာရှည် အဆစ်အမျက်နာခြင်းများကို လျော့နည်းသက်သာစေသည်။






## Chamomile (ခမ်မိုမိုင်ဆေး)

- ဂျာမန်စိန်ခြယ်ပန်း အဆီအနှစ်မှ ရရှိသော အက်ပီဂျနင် (Apigenin) သည် ပုံမှန်မဟုတ်သောဆဲလ်များ သက်တမ်းကုန်ဆုံးပြီး အလိုအလျောက် သေဆုံးခြင်းကို အားပေးသောကြောင့် အဖုအကျိတ်နှင့် ပတ်သက်သည့် ရောဂါအမျိုးမျိုးကို ကာကွယ်၊ ကုသရာ၌ တွဲဖက်အသုံးပြုနိုင်သည်။
- အာရုံကြော ပင်ပန်းနွမ်းနယ်ခြင်းများကို ပြေလျော့စေပြီး ဆံပင်သန်စွမ်းစေနိုင်သော အာနိသင်ရှိသည်။
- အသည်း၏ လုပ်ငန်းစဉ်များကို ပိုမိုကောင်းမွန်စေရန် အထောက်အကူပြုသည်။

## Chitobit® (သဘာဝအဆီကျဆေး)






- ပုစွန်အခွံမှ သန့်စင်ထုတ်ယူရရှိသော Chitosan (ခိုင်တိုစန်) ဒြပ်ပေါင်းသည် အစာလမ်းကြောင်းတစ်လျှောက် အဆီစုပ်ယူမှုကို ဟန့်တားပေးပြီး ခန္ဓာကိုယ်တွင်းရှိ မလိုလားအပ်သည့် အဆီဓာတ်များကို လျှော့ချပေးနိုင်ပြီး ကိုယ်အလေးချိန်ကို လျော့ကျစေသည်။
- ခန္ဓာကိုယ်တွင်း ကိုလက်စထရောဓာတ် များပြားခြင်းကြောင့် ဖြစ်သော သွေးတိုးရောဂါနှင့် သွေးကြောကျဉ်းရောဂါများတွင် သောက်သုံးနိုင်သည်။
- ဝမ်းသွားရလွယ်ကူစေပြီး ဝမ်းချုပ်တတ်သူများတွင်လည်း ညအိပ်ခါနီးတိုင်း နေ့စဉ်သောက်သုံးပေးနိုင်သည်။

## Chlorella (ရေညှိစိမ်း)






- ကမ္ဘာပေါ်တွင် ကလိုရိုဖီးလ် (Chlorophyll) ပါဝင်မှု အများဆုံး သဘာဝ ရေညှိစိမ်းမှ ထုတ်လုပ်ထားသည်။
- သွေးအားကောင်းစေပြီး သွေးအားနည်းရောဂါကို ကာကွယ်၊ ကုသရာ၌ အသုံးပြုနိုင်သည်။
- ရေညှိစိမ်းတွင် ပါဝင်သော Chlorella Growth Factor (CGF) သည် ကလေးငယ်များတွင် ခန္ဓာကိုယ်ကြီးထွား ဖွံ့ဖြိုးစေရုံသာမက ခန္ဓာကိုယ်တွင်းရှိ အဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်ပြီး အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်းကို ဟန့်တားပေးနိုင်သည်။

## Cholecrush® (သည်းခြေကျောက်ပျော်ဆေး)






- ဆူးပန်းလုံး၊ ကြိတ်မှန်၊ ဆောင်းမေးခါး၊ ပဲပုပ် အဆီအနှစ်တို့အပြင် ဆီးဖြူသီး အမှုန့်တို့ ပေါင်းစပ်ပါဝင်သည်။
- သည်းခြေအိတ် ကျောက်တည်ခြင်း၊ သည်းခြေအိတ် ရောင်ရမ်းခြင်းနှင့် ထပ်မံကျောက်တည်ခြင်းကို ကာကွယ်၊ ကုသရာ၌ အသုံးပြုနိုင်သည်။
- အသည်းတွင်း မကောင်းသော အဆီထုတ်လုပ်မှုကို ဟန့်တားရုံသာမက သည်းခြေရည်တွင် မကောင်းသော အဆီစုစည်းမှုကိုလည်း လျော့နည်းစေသည်။






## Collagen (ကော်လာဂျင်)

- ပင်လယ်ငါးမှရရှိသော ကော်လာဂျင် (Marine Collagen) နှင့် ဆီးဖြူသီး အမှုန့်တို့ ပါဝင်သည်။
- သဘာဝမှရသည့် Type 1 Collagen peptides အမျိုးအစား ဖြစ်သောကြောင့် ခန္ဓာကိုယ်မှ ကောင်းစွာစုပ်ယူပြီး အရေပြားအတွင်းဆုံးလွှာအထိ ပို့ဆောင်ပေးနိုင်သည့်အတွက် အသားအရေကို တင်းရင်းစိုပြေလုပေစေသည်။
- ဆံပင်ကျွတ်ခြင်း၊ ခြေသည်းလက်သည်းများ ကွဲဆတ်ခြင်းမှ ကာကွယ်ပေးပြီး ကောင်းမွန်လှပစေနိုင်သည်။
- ခန္ဓာကိုယ် သွယ်လျကျစ်လျစ်ပြီး အဆီကျလုပစေရန် အသုံးပြုနိုင်သည်။






## Completec® (ဆယ်ပင်အားဆေး)

- အင်တီအောက်စီဒင့်များ ကြွယ်ဝစွာပါဝင်သော ကြက်သွန်ဖြူ၊ နနွင်း၊ စပျစ်စေ့၊ ဘလူးဘယ်ရီ အဆီအနှစ်တို့အပြင် ဆီးဖြူသီး၊ ခရမ်းချဉ်သီး၊ ထောပတ်သီး၊ မုန်လာဥနီ၊ ဟင်းနုနယ်၊ ပန်းမုန်လာစိမ်းနှင့် တစေးတို့ ပါဝင်သည်။
- အရွယ်မတိုင်ခင် အိုမင်းရင့်ရော်လာမှုကို ဟန့်တားပေးပြီး နှလုံးနှင့် ခန္ဓာကိုယ် လုပ်ငန်းဆောင်ရွက်မှုများကို တိုးတက်ကောင်းမွန်စေသည်။
- ခုခံစွမ်းအားစနစ်နှင့် ဦးနှောက်စွမ်းအားကို မြင့်မားစေသည်။






## Cordyceps (ရှီးပဒီး)

- ရှီးပဒီးအဆီအနှစ် ပါဝင်သောကြောင့် ဆေးစွမ်းအာနိသင် ပိုမိုထက်မြက်စေပါသည်။
- လေပြွန်ကျုံ့ခြင်းနှင့် ရောင်ရမ်းမှုတို့ကို သက်သာစေသော အစွမ်းအာနိသင်တို့ကြောင့် အဆုတ်အတွင်း လေရရှိမှု ပိုမိုအားကောင်းကာ ပန်းနာရင်ကျပ်ဝေဒနာရှင်များအတွက် သင့်လျော်ကောင်းမွန်ပါသည်။
- ကျောက်ကပ် အဆိပ်အတောက်ဖြစ်ခြင်းကို လျှော့ချပေးနိုင်ပြီး ကျောက်ကပ်၏စွမ်းဆောင်ရည်ကို တိုးတက်ကောင်းမွန်စေနိုင်သည့်အပြင် နာတာရှည်ကျောက်ကပ်ရောဂါကြောင့်ဖြစ်သော သွေးအားနည်းခြင်းကိုလည်း သက်သာစေနိုင်သည်။
- ခန္ဓာကိုယ်၏ ခုခံအားစနစ်ကို ကောင်းမွန်အောင် ထိန်းညှိပေးနိုင်သည်။

## Curcumin (နနွင်းဆေး)






- ကာကူမင် (Curcumin) ဒြပ်ပေါင်းသည် အော်ဇိုင်းမားရောဂါကို ကာကွယ်ရာ၌ အသုံးပြုနိုင်သည့်အပြင် သွေးကြောပိတ်ခြင်းကို ဟန့်တားပေးနိုင်ပြီး သွေးတွင်းရှိ မကောင်းသော အဆီများကို လျှော့နည်းစေသည်။
- အသည်း၌ သံဓာတ်များစုပုံလာ၍ အသည်းထိခိုက်ခြင်းကို လျှော့နည်းစေနိုင်သည်။
- အဖုအကျိတ်နှင့် ပတ်သက်သော ရောဂါများကို ကာကွယ်၊ ကုသရာ၌ အသုံးပြုနိုင်သည့်အပြင် ရောင်ရမ်းခြင်းများကိုလည်း သက်သာစေသည်။
- အစာအိမ် အနာကျက်ခြင်းကို အားပေးပြီး ဗိုက်နာခြင်း၊ ဗိုက်အောင့်ခြင်း ဝေဒနာများကို လျှော့နည်းသက်သာစေသည်။

## DiabeHerb® (ဆီးချိုကျဆေး)






- ကြက်ဟင်းခါးသီးတွင် အင်ဆူလင်ကဲ့သို့ အာနိသင်ရှိသော ဆီးချိုကျစေသည့် Polypeptide-p ပရိုတင်းတစ်မျိုး ပါဝင်သည်။
- ဆီးချိုရောဂါသမားများအတွက် လိုအပ်သည့် အခါးဓာတ်ကို ပြန်လည်ဖြည့်တင်းပေးသောကြောင့် အခါးဓာတ် ဖြည့်စွက်စာအနေနှင့်လည်း အသုံးပြုနိုင်သည်။
- ဆီးချိုရောဂါကို ကုသရာ၌ အသုံးပြုနိုင်သည်။

## Ganocan® (လင်ဇီးဆေး)






- ကမ္ဘာပေါ်ရှိ လင်ဇီးမျိုးများအနက် အစွမ်းထက်ဆုံး *Ganoderma lucidum* ပါဝင်သည့် လင်ဇီးဆေးသည် ခန္ဓာကိုယ်၏ ပုံမှန်လုပ်ငန်းစဉ်များကို ထိန်းညှိပေးသဖြင့် သွေးတိုးခြင်း၊ သွေးပေါင်ကျခြင်းကို ပုံမှန်ဖြစ်စေသည်။
- သွေးတွင်းသကြားဓာတ်လွန်ကဲမှုကို လျှော့ကျစေခြင်းဖြင့် ဆီးချိုရောဂါကို သက်သာစေသည်။
- အဖုအကျိတ်များ ပြန့်ပွားမှုကို ထိန်းချုပ်ပေးနိုင်သောကြောင့် မြစ်ပွားနာရောဂါတွင် တွဲဖက်အသုံးပြုနိုင်သည်။






## GreenTea (လက်ဖက်စိမ်းဆေး)

- EGCG ဒြပ်ပေါင်းသည် ပုံမှန်ဆဲလ်များကိုသာ ကြီးထွားစေပြီး ပုံမှန်မဟုတ်သော ဆဲလ်များသို့ အာဟာရပေးသည့် သွေးကြောသစ်များ မဖြစ်စေရန် တားဆီးပေးသောကြောင့် အဖုအကျိတ်ရောဂါများကို ကာကွယ်၊ ကုသရာ၌ တွဲဖက်အသုံးပြုနိုင်သည်။
- အဆီပိုများကို လောင်ကျွမ်းစေနိုင်သောကြောင့် ကိုယ်အလေးချိန် လျှော့ချရန်အတွက်လည်း သောက်သုံးနိုင်သည်။
- ဆဲလ်များအိုမင်းလာခြင်းကို နှေးကွေးစေပြီး ဇရာကြောင့်ဖြစ်သော လက္ခဏာများကို လျော့နည်းစေသည်။






## GynuHerb® (ပျားမြီးရှက်ဆေး)

- သွေးတွင်းရှိ ပိုလျှံနေသော ဂလူးကို့စ် (Glucose) များကို ဗီတာမင် စီ (Vitamin C) အဖြစ် ပြောင်းပေးကာ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးသည်။
- ပန်ကရိယမှ အင်ဆူလင်ဟော်မုန်းထွက်ရှိအောင် လှုံ့ဆော်ပေးနိုင်သော ဆီးချိုထိန်းဆေးများကဲ့သို့ အာနိသင်ရှိသဖြင့် ဆီးချိုရောဂါတွင် အသုံးပြုနိုင်သည်။
- ပျားမြီးရှက်တွင် ပါဝင်သော Glycoconjugated or peptidal substances များသည် သွေးကြောများကို ကျယ်စေပြီး သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းကုသရာတွင် အကျိုးပြုသည်။






## Hepa-B® (အသည်းအားဆေး)

- တောင်ဆီးဖြူ၊ လင်ဇီ၊ နွယ်ချို၊ ကြိတ်မှန်နှင့် ဆောင်းမေခါး အဆီအနှစ်တို့ ပါဝင်သည်။
- အသည်းရောင် ဘီပိုးကြောင့်ဖြစ်သော နာတာရှည် အသည်းရောင်ရောဂါကို ထိရောက်စွာ ကုသနိုင်သည်။
- အသည်းရောင် ဘီပိုး ပွားများခြင်းကို တားဆီးပေးခြင်း၊ ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးခြင်းအပြင် အသည်း၏ လုပ်ငန်းဆောင်တာများကိုလည်း တိုးတက် ကောင်းမွန်စေသည်။






## HerbalFresh® (စိတ်မြှင့်ဆေး)

- တောင်ရေချမ်းယား (St. John's Wort) အပွင့်နှင့် အရွက် အဆီအနှစ် ပါဝင်သည်။
- စိတ်ကြည်လင်လန်းဆန်းစေပြီး စိတ်ဖိစီးမှုကြောင့် ညအိပ်မပျော်သူများကို နှစ်ခြိုက်စွာ အိပ်ပျော်စေသည်။
- စိတ်ဓာတ်ကျဆင်း၍ မစားချင် မသောက်ချင် ခံတွင်းပျက်နေသူများ၊ နလုံးတုန် ရင်တုန် မောပန်းနေသူများ၊ ကာမဆန္ဒ အားနည်းသူများ သောက်သုံးနိုင်သည်။
- စိုးရိမ်သောကစိတ် လွန်ကဲနေသူများနှင့် စာမေးပွဲဖြေဆိုမည့်သူများ သောက်သုံးနိုင်သည်။






## HerbalSleep® (သဘာဝအိပ်ဆေး)

- ကန့်ပလူဥ၊ ကုန်းထိကရုန်းနှင့် ဒဟတ်သကိုင်း အဆီအနှစ်တို့ ပေါင်းစပ် ပါဝင်သည်။
- နှစ်ခြိုက်စွာ အိပ်ပျော်စေရန်အတွက် အစွမ်းထက်မြက်သည့် သဘာဝ ဆေးဖက်ဝင် အပင်များမှ ထုတ်လုပ်ထားသောကြောင့် စိတ်ရောကိုယ်ပါ အနားယူခြင်းကို လှုံ့ဆော်ပေးပြီး ကောင်းမွန်စွာ အိပ်စက်ခြင်းကို ဖြစ်စေသည်။
- စိတ်ဖိစီးမှုများသူ၊ အာရုံကြော ပင်ပန်းနွမ်းနယ်နေသူများနှင့် အိပ်ပျော်ရန် ခက်ခဲသူများ သုံးစွဲသင့်သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။
- ညစဉ် ပုံမှန်သောက်သုံးပါက အိပ်ချိန်မှန်စေပါသည်။






## Honokiol (တောင်စကားဖြူဆေး)

- ဟိုနိုကီရော (Honokiol) သည် ဦးနှောက်နှင့် အာရုံကြော လုပ်ငန်းစဉ်များ ကို ပိုမိုကောင်းမွန်စေနိုင်သောကြောင့် စိတ်ဖိစီးမှုကို လျှော့ချပေးနိုင်သည်။
- အိပ်ပျော်ခြင်းနှင့်ဆိုင်သော အာရုံကြောများကို နှိုးဆွပေးပြီး နှစ်ခြိုက်စွာ အိပ်ပျော်စေသည်။
- ပုံမှန်မဟုတ်သော ဆဲလ်ပွားများနှုန်းကို ရပ်တန့်စေနိုင်သောကြောင့် အဖု အကျိတ် အမျိုးမျိုးကို ကာကွယ်၊ ကုသရာ၌ အထောက်အကူပြုသည်။






## Immugin® (ဂျင်ဆင်းဆေး)

- ဂျင်ဆင်းဆေးသည် အားအင်ကုန်ခမ်းခြင်း၊ မောပန်းနွမ်းနယ်ခြင်းနှင့် အာရုံစူးစိုက်မှုလျော့နည်းခြင်း ဝေဒနာများကို သက်သာစေကာ ခွန်အားစနစ်ကို ကောင်းမွန်စေသည်။
- ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များ၊ လှုပ်ရှားမှုများကို ကောင်းမွန်ညီညွတ်မျှတစေသည်။
- နာလန်ထ လူမမာများတွင် အားအင်ပြည့်ဖြိုး လန်းဆန်းစေပြီး ဓာတ်ရောင်ခြည်ကင်ခြင်းနှင့် မြစ်ပွားနာရောဂါကုဆေးများ သောက်သုံးခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော ဘေးထွက်ဆိုးကျိုးများ လျော့နည်းသက်သာစေရန် တွဲဖက်အသုံးပြုနိုင်သည်။






## Immunoplex® (သဘာဝကိုယ်ခံစွမ်းအားတိုးဆေး)

- လင်ဇီးမှို၊ ဆီးဖြူသီး၊ ပဲပုပ်၊ နွယ်ချို၊ ရဲယို၊ ကြက်သွန်ဖြူ၊ နနွင်း၊ ကြက်ဟင်းခါးသီး၊ ချင်း စသည့် ဆေးဖက်ဝင် အဆီအနှစ်များနှင့် ဂျင်ဆင်းတို့ ပေါင်းစပ်ပါဝင်သည်။
- ကိုယ်ခံစွမ်းအားတက်စေပြီး ရောဂါပိုးမွှားအန္တရာယ်မှ ကာကွယ်ပေးနိုင်သည်။
- လိုအပ်သော အာဟာရဓာတ် ပြည့်ဝစေသောကြောင့် ခန္ဓာကိုယ်အလေးချိန် လျော့ကျနေသူများ၊ မကြာခဏ ဖျားနာသူများ နေ့စဉ် သောက်သုံးပေးနိုင်သည်။






## JavaHerb® (သိကြားမကိုင်ဆေး)

- သိကြားမကိုင်ကို ရှေးယခင်ကတည်းက ဆီးချိုရောဂါ ကုသရာ၌ သုံးစွဲခဲ့ကြသည်။
- သိကြားမကိုင်ရွက် အဆီအနှစ်တွင် သွေးတွင်းရှိ သကြားဓာတ်ပမာဏကို ကျစေသည့် ဆေးဖက်ဝင်ဒြပ်ပေါင်းများ ပါဝင်သည်။
- Type II ဆီးချိုရောဂါကို ကုသရာ၌ အသုံးပြုနိုင်သည်။

## Ladymax® (လှပျိုဖြူဆေး)






- ဖိုင်တိုအီစထရိုဂျင်များ ကြွယ်ဝစွာ ပါဝင်သည့် သဘာဝ ဆေးဖက်ဝင်အပင် ပေါက်ဥမှ ထုတ်လုပ်ထားသောကြောင့် အမျိုးသမီးများ ကိုယ်ခန္ဓာဖွံ့ဖြိုး လှပစေရုံသာမက ရင်သားဖွံ့ဖြိုး အလှတိုးစေသည်။
- အသားအရေကို ချောမွေ့လှပစေခြင်းနှင့် ဆံပင်သန်စွမ်းစေခြင်း စသည့် အာနိသင်များလည်း ရှိသည်။
- အရေးအကြောင်းများကို လျော့နည်းစေပြီး ပါးရေတွန့်ခြင်းကိုလည်း သက်သာစေသည်။

## Luteolin (စမုန်ဖြူဆေး)






- လူတီယိုလင်း (Luteolin) သည် ပုံမှန်ဆဲလ်ပွားနှုန်းကိုသာ အားပေးပြီး အဖုအကျိတ် ဆဲလ်ပွားနှုန်းကို ရပ်တန့်စေခြင်းဖြင့် အဖုအကျိတ် ဖြစ်ပွားခြင်းကို သက်သာစေသည်။
- ပန်ကရိယမှ အင်ဆူလင်ထွက်ရှိမှုကို တိုးစေသည့်အပြင် ဆီးချိုဝေဒနာရှင်များ အစာစားပြီးနောက် အချိုဓာတ်စုပ်ယူမှုကို လျော့နည်းစေသဖြင့် သွေးတွင်းသကြားဓာတ်ပမာဏ မြင့်တက်လာမှုကို လျော့ချပေးနိုင်သည်။
- အသည်းအဆီဖုံးခြင်းကို လျော့ချပေးနိုင်ပြီး ထရိုင်ဂလစ်စရိုက်များကို ကျစေသဖြင့် ခန္ဓာကိုယ်အလေးချိန် လျော့ချရန်အတွက် အသုံးပြုနိုင်သည်။

## Mangosteen (မင်းကွတ်သီးဆေး)






- မင်းကွတ်သီး အဆီအနှစ် ပါဝင်သည်။
- ရောဂါပိုးမွှားများကို သေစေနိုင်သောကြောင့် သဘာဝ ပဋိဇီဝဆေးအဖြစ် အသုံးပြုနိုင်သည်။
- ရောင်ရမ်းခြင်းနှင့် ဓာတ်မတည့်သည့် လက္ခဏာများကို သက်သာစေသည်။
- ပုံမှန်မဟုတ်သောဆဲလ်များ အလိုလိုသေဆုံးခြင်းကို ဖြစ်စေနိုင်ပြီး ၎င်းဆဲလ်များ မပွားစေရန်၊ မကြီးထွားစေရန်နှင့် ပျံ့နှံ့မှုမရှိစေရန် ဟန့်တားရာ၌ များစွာ အကျိုးရှိသည်။






## MilkThistle (အသည်းဆေး)

- ဆူးပန်းလုံးအစေ့ အဆီအနှစ် ဆီလီမရင် (Silymarin) နှင့် ပဲပုပ်အမှုန့်တို့ ပါဝင်သည်။
- အသည်းဆဲလ်များ ပျက်စီးခြင်းနှင့် အဆိပ်အတောက်ဖြစ်ခြင်းကို ကာကွယ်နိုင်သည့်အပြင် အသည်းဆဲလ်များ အသစ်ဖြစ်ပွားမှုကို အားပေးသည့် အာနိသင်ရှိသည်။
- အရက်၊ ဆေးဝါးနှင့် ဓာတုပစ္စည်းများကြောင့် အသည်းထိခိုက်ပျက်စီးခြင်း၊ မှိုအဆိပ်သင့်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းခြောက်ခြင်း၊ အသည်းကြီးခြင်းနှင့် နာတာရှည် အသည်းရောင်ရောဂါတို့အတွက် အသုံးပြုနိုင်သည်။






## Moringa (ဒန့်သလွန်ရွက်ဆေး)

- ဒန့်သလွန်ရွက်တွင် ပါဝင်သော ဗီတာမင်များ၊ သတ္တုဓာတ်များနှင့် မရှိမဖြစ်လိုအပ်သော အမိုင်နိုအက်ဆစ်များကြောင့် အာဟာရဓာတ် ပြည့်ဝစေပြီး ခန္ဓာကိုယ်ကျန်းမာရေးအတွက် အထောက်အကူပြုသည်။
- ပန်ကရိယမှ အင်ဆူလင်ထွက်ရှိမှုကို ပိုမိုအားကောင်းစေပြီး သွေးတွင်းသကြားဓာတ် ပုံမှန်ဖြစ်အောင် ထိန်းညှိပေးနိုင်သောကြောင့် ဆီးချိုရောဂါတွင် သောက်သုံးနိုင်သည်။
- ဆီးရွှင်စေသော ဒြပ်ပေါင်းများ၊ အဆီနှင့် သွေးဖိအားကျစေသော ဒြပ်ပေါင်းများ ပေါင်းစပ်ပါဝင်နေခြင်းကြောင့် သွေးတိုးကျစေရန် အသုံးပြုနိုင်သည်။






## Nature-A® (သဘာဝ-အေ)

- ကယ်ရိုတီနွိုက်ဓာတ်များ ကြွယ်ဝစွာ ပါဝင်သည့် မုန်လာဥနီနှင့် ကန်စွန်းဥဝါ အဆီအနှစ်တို့မှ ထုတ်လုပ်ထားသည်။
- အမြင်အာရုံကို ပိုမိုအားကောင်းစေသည့်အပြင် အရေပြားနေလောင်ခြင်းမှ ကာကွယ်ပေးပြီး အမည်း အစက်အပြောက်များ ဖြစ်ပေါ်ခြင်းကို လျော့နည်းစေကာ အသားအရေကို စိုပြေဝင်းပစေသည်။
- ပုံမှန် မီးဝဲပါက အမျိုးသမီးသားဥအိမ်တွင် ရေအိတ်တည်ခြင်းကို ကာကွယ်နိုင်သည်။

## Nature-C® (သဘာဝ-စီ)






- ဗီတာမင် စီ ကြွယ်ဝစွာ ပါဝင်သော ဆီးဖြူသီးမှ ထုတ်လုပ်ထားသည်။
- ဗီတာမင် စီ ချို့တဲ့မှုကြောင့် မကြာခဏ အအေးမိတတ်သူများနှင့် သွားဖုံးမှ သွေးယိုတတ်သူများ အသုံးပြုနိုင်သည်။
- ခုခံအားစနစ်ကို ပိုမိုကောင်းမွန်စေရုံသာမက အနာကျက်မြန်စေပြီး အရေပြား ပျက်စီးမှုကို နှေးကွေးစေသည်။
- ဆီးဖြူသီးမှရရှိသော ဗီတာမင်စီသည် တန်နင် (Tannin) ဓာတ်များနှင့် ပူးပေါင်းနေသဖြင့် အစာအိမ်ကို ထိခိုက်စေခြင်း မရှိပါ။

## Nature-Q10® (နှလုံးဆေး)






- ငါးမှရသော ကိုအင်ဇိုင်းကျူ-၁၀ ပါဝင်သည်။
- Coenzyme Q10 သည် နှလုံးနှင့် သွေးကြောဆိုင်ရာ လုပ်ငန်းစဉ်များ အတွက် များစွာထောက်ပံ့ပေးနိုင်သော အာဟာရဓာတ်တစ်မျိုးဖြစ်သည်။
- နေ့စဉ် လှုပ်ရှားသွားလာရန် လိုအပ်သော စွမ်းအင်များကို ထုတ်လုပ်ပေးပြီး နှလုံးနှင့် သွေးကြောဆိုင်ရာ လုပ်ငန်းစဉ်များကို ကောင်းမွန်စေကာ နှလုံး ကြွက်သားများကို သန်စွမ်းစေသည်။
- နှလုံးသွေးလျှောက်မှု မကောင်းခြင်း၊ သွေးတိုးခြင်း၊ ရင်ဘတ်အောင့်ခြင်း စသည့် ရောဂါများကို ကုသရာ၌ အသုံးပြုနိုင်သည်။

## Nemogin® (တမာအားဖြည့်ဆေး)






- တမာရွက်၊ လင်းနေ၊ ပဒဲကော၊ လောက်သေ အဆီအနှစ်တို့အပြင် ဆီးဖြူသီး အမှုန့်နှင့် ဂျင်ဆင်းအမှုန့်တို့ ပေါင်းစပ်ပါဝင်သည်။
- ဘက်တီးရီးယားပိုးကြောင့်ဖြစ်သောရောဂါများ အထူးသဖြင့် အဆုတ်နှင့် အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါများ (ဥပမာ - ချောင်းဆိုးခြင်း၊ လေပြွန်ရောင်ရမ်းခြင်း၊ အဆုတ်ရောင်ရောဂါ) တွင် အသုံးပြုနိုင်သည်။
- တီဘီရောဂါကဲ့သို့သော အသက်ရှုလမ်းကြောင်းပိုးဝင်ရောဂါကို ကုသ ရာ၌လည်း တွဲဖက်အသုံးပြုနိုင်သည်။
- အသက် (၂) နှစ်မှစ၍ ကလေး၊ လူကြီးမရွေး သောက်သုံးနိုင်သည်။

## Nephrotec® (ကျောက်ကပ်ဆေး)






- ကျောက်ကပ်ဆေးပင် (*Astragalus membranaceus*) အမြစ် အဆီအနှစ် (Astragaloside IV) ပါဝင်သည်။
- ကျောက်ကပ်၏ အညစ်အကြေးစွန့်ထုတ်ခြင်း လုပ်ငန်းများကို ကောင်းမွန်စေရန် ထိန်းသိမ်းပေးနိုင်ရုံသာမက ဆီးချိုရောဂါ၊ သွေးတိုးရောဂါနှင့် SLE ရောဂါများကြောင့် ခံစားနေရသော နာတာရှည် ကျောက်ကပ်ပျက်စီးခြင်း (Chronic Kidney Disease) ကို ကုသရာ၌ အသုံးပြုနိုင်သည်။
- ကျောက်ကပ်မကောင်း၍ ခန္ဓာကိုယ်ဖောရောင်ခြင်း၊ ကျောက်ကပ်ရောင်ခြင်းနှင့် ကျောက်ကပ်အားနည်းခြင်းတို့၌ သောက်သုံးနိုင်သည်။

## Neurodopa® (ကိုယ်စိတ်သန်စွမ်းဆေး)






- အော်ဂဲနစ်ခွေးလှေးယားစေ့မှ အဆီအနှစ် ထုတ်ယူထားပြီး ၎င်းတွင် ပါဝင်သော L-dopa သည် ဦးနှောက်မှ ဒိုပါမင်း (Dopamine)ပေါကြွယ်ဝစွာ ထုတ်လုပ်ရန် အားပေးကာ ပျက်စီးယိုယွင်းသွားသော အာရုံကြောများကို ပြန်လည်ကောင်းမွန်စေသည်။
- ပါကင်ဆင်ရောဂါ (Parkinson’s disease) လက္ခဏာများကို သက်သာစေရန်အတွက် ကျား/မ မရွေး သောက်သုံးနိုင်သည်။
- ကာမစွမ်းအားကို တိုးစေပြီး ပန်းသေပန်းညှိုးရောဂါကို သက်သာစေသည့် အပြင် မျိုးပွားနိုင်မှုစွမ်းရည်ကို မြှင့်တင်ပေးသည်။

## Neurogin® (အာရုံကြောဆေး)






- ဂင်ဂို ခေါ် ကမ္ဘာဦးပင်အရွက် (*Ginkgo biloba*) အဆီအနှစ် ပါဝင်သည်။
- အာရုံကြောများ ရှင်သန်နိုးကြားရန် လိုအပ်သည့် အောက်ဆီဂျင်ကို ပံ့ပိုးပေးပြီး ပိတ်နေသော သွေးကြောငယ်လေးများကို ပွင့်စေကာ သွေးလည်ပတ်မှုကို ကောင်းမွန်စေသည်။
- ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း၊ ပါးရွဲ့စောင်းခြင်း၊ သတိမေ့တတ်ခြင်း၊ မူးဝေခြင်း၊ အော်ဖိုင်းမားရောဂါ၊ အမြင်အာရုံချို့ယွင်းခြင်း၊ အကြားအာရုံချို့ယွင်းခြင်း၊ နားအူခြင်း၊ ခြေဖျားလက်ဖျားသို့ သွေးမလျှောက်ခြင်းနှင့် ခြေလက်ထုံကျဉ်ခြင်း စသည့် ရောဂါများတွင် အသုံးပြုနိုင်သည်။

## Nonicap® (ရဲယိုဆေး)






- ရဲယိုသီးအခြောက်မှုန့်နှင့် ရှားစောင်းလက်ပပ်အမှုန့်တို့ ပါဝင်သည်။
- အရိုးအဆစ်များ နာကျင်ကိုက်ခဲခြင်းနှင့် ရောင်ရမ်းခြင်း ဝေဒနာများကို သက်သာ ပျောက်ကင်းစေသည်။
- ပုံမှန်မဟုတ်သော ဆဲလ်များပြန့်ပွားမှု နည်းသွားခြင်း၊ နာကျင်မှုဝေဒနာကို သက်သာစေခြင်း၊ ခုခံအားကောင်းမွန်ခြင်း၊ စိတ်နှလုံးရွှင်လန်းခြင်းစသော အကျိုးကျေးဇူးများကို ရရှိစေသည်။
- အသက်ရှူလမ်းကြောင်းဆိုင်ရာ စစ်ရည်ဂလင်းများကို ပုံမှန်ဖြစ်စေနိုင်သောကြောင့် ထိပ်ကပ်နာရောဂါတွင် အသုံးပြုနိုင်သည်။

## Normosin® (သွေးတိုးကျဆေး)






- အကြောပေါင်းတစ်ထောင်၊ ဒန့်သလွန်၊ အလိုကျူ၊ ထောက်ကြံ့အခေါက်နှင့် ကြက်သွန်ဖြူ အဆီအနှစ်တို့ ပေါင်းစပ်ပါဝင်သည်။
- သွေးတိုးရောဂါကို ကုသရာ၌ အသုံးပြုနိုင်သည်။
- သွေးတွင်း ကိုလက်စထရောဓာတ်ကို ကျစေကာ သွေးပေါင်ချိန်ကို ထိန်းညှိပေးပြီး သွေးတိုးရောဂါ၏ နောက်ဆက်တွဲဝေဒနာများ ဖြစ်ပွားမှုကို ကာကွယ်ပေးသည်။
- အကြောအခြင်များကို ပြေလျော့စေသော အာနိသင်ရှိသောကြောင့် ဇက်ကြောတက်ခြင်းမှ ကင်းဝေးစေသည်။

## Osteomax® (အရိုးသန်မာဆေး)






- ပင်လယ်ရေမှော်မှရသော သဘာဝအော်ဂဲနစ် ကယ်လ်စီယမ်နှင့် နို့ထွက်ပစ္စည်းမှရသော ဗီတာမင် ဒီ တို့ ပါဝင်သည်။
- အရိုးနှင့် သွားများကို ကြံ့ခိုင်သန်မာစေသည့်အတွက် အသက်(၅)နှစ်မှစ၍ ကလေး၊ လူကြီး အရွယ်မရွေး သောက်သုံးနိုင်သည်။
- အရိုးကျိုးခြင်း၊ အရိုးကျီးပေါင်းတက်ခြင်းနှင့် သွေးဆုံးပြီး အမျိုးသမီးများတွင် အဖြစ်များသော အရိုးပါး၊ အရိုးပွရောဂါကို ကာကွယ်၊ ကုသရာတွင် အသုံးပြုနိုင်သည်။
- ကြွက်တက်ခြင်းကို ကာကွယ်ပေးနိုင်သည့်အပြင် နှလုံးခုန်နှုန်းကို ပုံမှန်ဖြစ်စေရန် ထိန်းသိမ်းပေးနိုင်သည်။






## Papaya (သင်္ဘောရွက်ဆေး)

- သင်္ဘောရွက် အဆီအနှစ်တွင် ပါဝင်သော ဆေးဖက်ဝင် ဒြပ်ပေါင်းများသည် ရိုးတွင်းခြင်ဆီအတွင်း သွေးဥမွှား (Platelets) ထုတ်လုပ်မှုကို တိုးပွားစေသောကြောင့် သွေးကြောအမြှေးပါးများ ခိုင်ခံ့စေပြီး သွေးကြောများ ပေါက်ခြင်းကို လျော့နည်းသက်သာစေသည်။
- အဖုအကျိတ် ဖြစ်ပွားခြင်းကို ကာကွယ်၊ ကုသရာတွင် အသုံးဝင်သည်။






## Phototec® (မျက်စိဆေး)

- ရွှေဖရုံသီး၊ ရုံးပတီသီး၊ မာလကာသီးနှင့် ရွှေဒင်္ဂါးပန်းအဆီအနှစ်တို့ ပေါင်းစပ် ပါဝင်သည်။
- မျက်စိ၏ ပုံမှန်လုပ်ငန်းစဉ်များအတွက် အရေးကြီးသည့် အင်တီအောက်စီဒင့်များဖြစ်သော လူတင်း (Lutein) နှင့် ဇီဇန်သင်း (Zeaxanthin) ဓာတ်များ ကြွယ်ဝစွာ ပါဝင်သည်။
- ခရမ်းလွန်ရောင်ခြည်ကြောင့် မျက်စိပျက်စီးခြင်းမှ ကာကွယ်ပေးပြီး အမြင်အာရုံ အားကောင်းစေသည်။
- အသက်အရွယ်နှင့် ဆက်စပ်သည့် မျက်ကြည်လွှာပျက်စီးခြင်း၊ အတွင်းတိမ်ဖြစ်ခြင်းများကို လျော့နည်းသက်သာစေသည်။






## Pomegranate (တလည်းသီးဆေး)

- တလည်းသီး အဆီအနှစ်သည် အသားအရေကို ရေဓာတ်ပြည့်ဝပြီး စိုပြေဝင်းပစေပါသည်။ အစက်အပြောက်ကင်းပြီး တင်းရင်းစေပါသည်။
- သွေးကြောကျဉ်းခြင်းမှ ကာကွယ်ပေးပြီး နှလုံးသို့ သွေးစီးဆင်းလည့်ပတ်မှုကို ပိုမိုကောင်းမွန်စေသည်။
- မကောင်းသောဆဲလ်များ ပွားများလာခြင်းကို ဟန့်တားပေးခြင်းနှင့် ယင်းဆဲလ်များ အလိုအလျောက် သေဆုံးခြင်းကို အားပေးသောကြောင့် အဖုအကျိတ်ရောဂါများကို ကာကွယ်၊ ကုသရာ၌ အသုံးပြုနိုင်သည်။
- ရောဂါဖြစ်စေသော ဘက်တီးရီးယား ပိုးမွှားများ ပေါက်ပွားခြင်းကို တားဆီးပေးနိုင်သည်။

## Rejuvir® (ဒေါင်းကွေးဆေး)






- တန်ကွေးအမြစ် အဆီအနှစ်နှင့် ပဲပုပ်အမှုန့်တို့ ပါဝင်သည်။
- လစဉ်ဓမ္မတာမှန်စေပြီး ဓမ္မတာလာစဉ် နာကျင်ကိုက်ခဲခြင်းမှ ကင်းဝေးစေသည်။
- သဘာဝ အမျိုးသမီးဟော်မုန်းများကို အစားထိုးပေးနိုင်သည့်အတွက် သွေးဆုံးကိုင်လက္ခဏာများကို သက်သာပျောက်ကင်းစေသည်။
- သွေးဆုံးပြီး အမျိုးသမီးများတွင် ဖြစ်ပွားလေ့ရှိသည့် အရိုးပွခြင်း၊ အရိုးကျိုး လွယ်ခြင်းများကိုလည်း ထိရောက်စွာ ကာကွယ်ပေးသည်။
- **Nephrotec**®(ကျောက်ကပ်ဆေး) ၏ အာနိသင် ပိုမိုထက်မြက်စေရန်အတွက် **BioKid** (ဘိုင်အိုကစ်) တို့နှင့် တွဲဖက်၍ ကျား/မ မရွေး သောက်သုံးပေး နိုင်ပါသည်။

## Resveratrol (စပျစ်သီးဆေး)






- စပျစ်သီး အဆီအနှစ်နှင့် ဂျပန်ဘုတ်တောင်ပင် အဆီအနှစ်မှရသော ရက်စ်ဗာရာထရော (Resveratrol) သည် အာရုံကြောဆိုင်ရာ ရောဂါများ ဖြစ်ပွားခြင်းကို လျော့နည်းစေပြီး ဦးနှောက်နှင့် အာရုံကြောလုပ်ငန်းစဉ်များ ကို ပိုမိုကောင်းမွန်စေသည်။
- နှလုံးကျန်းမာရေးကို အထောက်အကူပြုပြီး နှလုံးရောဂါ ဖြစ်ပွားခြင်းကို ကာကွယ်၊ ကုသရာ၌ အသုံးပြုနိုင်သည်။
- မကောင်းသော ဓာတ်ပစ္စည်းများ၏ အဆိပ်အတောက်ကို ချေဖျက်ပေးနိုင်ပြီး ပုံမှန်မဟုတ်သည့် ဆဲလ်ပွားများခြင်းကို ဟန့်တားပေးနိုင်သောကြောင့် အဖုအကျိတ်နှင့် ပတ်သက်သော ရောဂါများကို ကာကွယ်၊ ကုသရာ၌ တွဲဖက်အသုံးပြုနိုင်သည်။

## RoyalJelly (ပျားနို့ဆေး)






- ရွိုင်ရယ်ဂျယ်လီ (ခေါ်) ပျားနို့သည် ကမ္ဘာနှင့်အဝှမ်း ရေပန်းစားနှစ်သက် သော ပျားထွက်ပစ္စည်းတစ်မျိုး ဖြစ်သည်။
- ကလေးများ ဦးနှောက်ဖွံ့ဖြိုးစေပြီး မှတ်ဉာဏ် ထက်မြက်စေသည်။
- စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်နေသူများနှင့် စားမဝင်၊ အိပ်မပျော် ခံတွင်း ပျက်၍ နာတာရှည်ရောဂါခံစားနေရသူများ၊ ကြီးထွားမှု နှေးကွေးသော ကလေးငယ်များအတွက် အထူးသင့်လျော်သည်။
- အသားအရေကို စိုပြေလှပစေ၍ အရွယ်မတိုင်မီ အိုမင်းရင့်ရော်မှုကို ကာကွယ်ပေးပြီး ကျန်းမာနုပျိုစေသည်။






## SawPalmetto (ဆီးကျိတ်ရောဂါဆေး)

- ဆေးထန်းပင်အသီး အဆီအနှစ် ပါဝင်သည်။
- အမျိုးသားများ အသက်ကြီးလာသောအခါ ဖြစ်တတ်သည့် ဆီးကျိတ်ရောင်ခြင်း၊ ဆီးကျိတ်ကြီးခြင်းများကို ထိရောက်စွာ ကာကွယ်၊ ကုသနိုင်သည်။
- ဆီးလမ်းကြောင်းနှင့် ဆီးအိမ်ရောင်ရမ်းခြင်း၊ ညအိပ်ရာတွင် ဆီးသွားခြင်းနှင့် ကာမဆန္ဒ အားနည်းခြင်းတို့ကို ကုသရာ၌လည်း အသုံးပြုနိုင်သည်။






## Soyamin® (ပဲပိစပ်ဆေး)

- သဘာဝမှရရှိသော အမျိုးသမီးဟော်မုန်းဓာတ် ဖြည့်စွက်ရန်အတွက် အသုံးပြုနိုင်သည်။
- အမျိုးသမီးများ ပုံမှန်မှီဝဲပါက အသားအရေ စိုပြေလှပစေရုံသာမက သွေးဆုံးကိုင်ခြင်းနှင့် အရိုးပွရောဂါများ မခံစားရအောင် ကာကွယ်ပေးသည်။
- အိုမင်းရင့်ရော်ခြင်းကို လျှော့ချပေးနိုင်ပြီး ကိုလက်စထရော ကျစေရန်နှင့် နှလုံးရောဂါကို ကာကွယ်ရန် သောက်သုံးနိုင်သည်။






## SpiruEmblica® (သဘာဝအားဆေး)

- သဘာဝ စိမ်းပြာရေညှိနှင့် ဆီးဖြူသီးတို့ ပါဝင်သည်။
- လူသားတို့အတွက် နေ့စဉ်လိုအပ်လျက်ရှိသော အာဟာရဓာတ်များ စုံလင်စွာ ပါဝင်သည်။
- ဆီးဖြူသီးသည် အစာအိမ်မှ စိမ်းပြာရေညှိ စုပ်ယူမှုကို ပိုကောင်းစေပြီး ၎င်း၏ လုပ်ငန်းဆောင်တာများကို ပိုမိုအစွမ်းထက်စေသည်။
- သက်သတ်လွတ်စားသူများ၊ နာလန်ထလူနာများနှင့် အသက်ကြီးသူများအတွက် ပိုမိုသင့်လျော်သည့်အပြင် ခန္ဓာကိုယ် ခုခံအားတက်စေပြီး ရောဂါပိုးမွှားများ ဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်သည်။






## SpiruGarlic® (အဆီကျရေညှိဆေး)

- ကြက်သွန်ဖြူတွင် ပါဝင်သော အော်လီစင် (Allicin) နှင့် စိမ်းပြာရေညှိတွင် ပါဝင်သော Gamma Linolenic Acid (GLA) တို့သည် သွေးတွင်း မကောင်းသော အဆီဓာတ်များကို လျော့ကျစေပြီး အကျိုးပြု အဆီဓာတ်များကို မြင့်တက်စေသည်။
- နှလုံးနှင့် သွေးကြောများကို ပုံမှန်အတိုင်း ကျန်းမာကြံ့ခိုင်စေပြီး နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါနှင့် လေဖြတ်ရောဂါတို့မှ ကင်းဝေးသက်သာစေသည်။






## Tinoflam® (ဆင်တုံးမနွယ်ဆေး)

- ဆင်တုံးမနွယ်ပင်စည်နှင့် မိုးမခအခေါက် အဆီအနှစ်တို့ ပါဝင်သည်။
- ဆင်တုံးမနွယ်တွင် ပါဝင်သော ဆေးဖက်ဝင် ဒြပ်ပေါင်းများသည် အဆစ်အမျက်ရောင်ခြင်း၊ သွားဖုံးရောင်ခြင်း၊ အာသီးရောင်ခြင်း၊ အဆုတ်လေပြွန်ရောင်ခြင်း၊ အသည်းရောင်ခြင်း၊ အစာအိမ်ရောင်ခြင်းနှင့် ဆီးအိမ်ရောင်ခြင်း အစရှိသော ရောင်ရမ်းခြင်းများကို သက်သာစေသည်။
- "အသက်ကြီးလျှင် ဆင်စီးပါ" ဟူသော ဆိုရိုးစကားနှင့်အညီ အသက် ၅၀ ကျော် ကျား/ မ မရွေး မှီဝဲသင့်သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။






## Tomatec® (ခရမ်းချဉ်သီးဆေး)

- လိုက်ကိုပင်း (Lycopene) ၏ အင်တီအောက်စီဒင့် အာနိသင်ကြောင့် ဆီးကျိတ်၌ ပုံမှန်မဟုတ်သောဆဲလ်ပွားများခြင်းကို လျော့နည်းသက်သာစေသည်။
- အရေပြားအပိန့်ထွက်ခြင်း၊ နေလောင်ခြင်း၊ အရေပြားအရောင် ပြောင်းလဲခြင်း၊ အရေပြားအရစ်ပေါ်ခြင်းနှင့် အရေပြား မြစ်ပွားနာဖြစ်ခြင်းတို့မှ ကာကွယ်ပေးနိုင်ပါသည်။

## Uritec® (ကရမ်ဘယ်ရီ)






- ပရိုအင်သိုဆိုင်ယာနီဒင် (Proanthocyanidin) ပါဝင်သော ကရမ်ဘယ်ရီသီး အဆီအနှစ်ဖြင့် ထုတ်လုပ်ထားပါသည်။
- အမျိုးသမီးများတွင် အဖြစ်များသော ဆီးလမ်းကြောင်း ပိုးဝင်ခြင်းရောဂါကို ဖြစ်ပေါ်စေသည့် အီးကိုလိုင် (E-coli) ဘက်တီးရီးယားများ ဆီးအိမ်နံရံတွင် မကပ်ငြိနိုင်အောင် တားဆီးပေးခြင်းဖြင့် ဆီးလမ်းကြောင်းတစ်လျှောက် ပိုးဝင်ခြင်းကို သက်သာစေပြီး ပြန်လည်မဖြစ်အောင် ကာကွယ်ပေးနိုင်သည်။
- ဆီးအနံ့ပြင်းခြင်းကိုလည်း လျှော့ချပေးသည်။

## Urocrush® (ဆီးကျောက်ပျော်ဆေး)







- ကျောက်ကွဲပင်၊ အလိုကျူအဆီအနှစ်၊ နတ်ဆေးဂမုန်းနှင့် သံမနိုင်ကျောက်မနိုင် တို့ ပေါင်းစပ်ပါဝင်သည်။
- ဆီးနည်းခြင်း၊ ဆီးကျင်ခြင်း၊ ဆီးအနည်ကျခြင်း၊ ဆီးအောင့်ခြင်း တို့ကို သက်သာပျောက်ကင်းစေသည်။
- ဆီးကျောက်တည်နေသော ဝေဒနာရှင်များ ရေများများဖြင့် ပုံမှန်သောက်သုံး ပါက ဆီးကျောက်မှာ တဖြည်းဖြည်း ပျော့ဝင်ကာ လုံးဝ ပျောက်ကင်းသွား စေသည်။
- ဆီးကျောက်တည်ရန် အလားအလာများသူများအနေဖြင့် ဆီးကျောက် တည်ခြင်းကို ကြိုတင်ကာကွယ်ရန် သောက်သုံးနိုင်သည်။

## Vegeplex® (ရွက်စုံအားဖြည့်ဆေး)






- ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ ဟင်းနုနယ်ရွက်၊ ကင်ပွန်းချဉ်ရွက် စသည့် ဟင်းရွက် (၄) မျိုး ပါဝင်သည်။
- ဟင်းသီးဟင်းရွက် စားလေ့မရှိသောသူများနှင့် အစားနည်းသူများအတွက် နေ့စဉ်လိုအပ်သည့် အာဟာရဓာတ်များနှင့် အမျှင်ဓာတ်များကို ဖြည့်စွက် ပေးသည်။
- အဆိပ်အတောက် ပြေစေရန်၊ အဆီကျစေရန်နှင့် ခန္ဓာကိုယ်အလေးချိန် ထိန်းညှိရန်အတွက် အထူးသင့်လျော်သည်။






## Wheatgrass (ဂျုံမြက်နုဆေး)

- ပျက်စီးသွားသော တစ်သျှူးများကို ပြန်လည်ပြုပြင်ပေးနိုင်စွမ်း ရှိသည့်အတွက် နာလန်ထလူမမာများ၊ သက်ကြီးရွယ်အိုများနှင့် ခွဲစိတ်ပြီး လူနာများအတွက် အထူးသင့်လျော်ရုံသာမက ဆီးချိုရောဂါနှင့် ပုံမှန်မဟုတ်သော ဆဲလ်ဖြစ်ပွားခြင်းကို ကာကွယ်၊ ကုသရာ၌လည်း များစွာအကျိုးရှိသည်။
- အကျိုးပြု အင်ဇိုင်းပေါင်း (၈၀) ကျော် ပါဝင်ပြီး ခန္ဓာကိုယ်ကျန်းမာရေးအတွက် အထောက်အကူပြုကာ သွေးအားကောင်းမွန်စေသည်။
- အဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်သည့်အပြင် အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်းမှ ကာကွယ်ပေးပြီး အရွယ်တင်နုပျိုစေသည်။






## WoundHealer (အနာကျက်သောက်ဆေး)

- သဘာဝ ဆေးဖက်ဝင် နနွင်း၊ ရှားစောင်းလက်ပပ်နှင့် ဒန်းကြီးတို့၏ အဆီအနှစ်အပြင် ဆီးဖြူသီးအမှုန့်တို့မှ ဖော်စပ်ထုတ်လုပ်ထားသည်။
- ဘက်တီးရီးယားပိုးများရန်မှ ကာကွယ်ပေးပြီး အနာဆွေးများကို ဖယ်ရှားကာ လျင်မြန်စွာ အသားနုတက်စေသည်။
- အရေပြားပေါ်၌ စွဲကပ်နေသော မှိုများကို သေစေပြီး အရေပြားရောဂါတချို့ကိုလည်း သက်သာပျောက်ကင်းစေသည်။






## Echinacold® (အအေးမိတုပ်ကွေးရောဂါကုဆေး)

- ဆေးပြောင်းပန်း၊ ကွမ်းရွက်၊ ငရုတ်ကောင်း၊ ချင်းနှင့် ခရမ်းကစော့ အဆီအနှစ်တို့ ပေါင်းစပ်ပါဝင်သည်။
- အအေးမိ၊ နှာစေး၊ တုပ်ကွေးရောဂါဖြစ်စဉ်ကို တိုတောင်းစေပြီး လျင်မြန်စွာ သက်သာပျောက်ကင်းစေသည်။
- ဓာတ်မတည့်ခြင်းများကို လျော့နည်းစေသောကြောင့် ထိပ်ကပ်နာရောဂါ ရှိသူများအတွက် သဘာဝ ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။
- အဆုတ်နှင့် အသက်ရှုလမ်းကြောင်းရောဂါများ မကြာခဏဖြစ်ခြင်းမှ ကင်းဝေးစေနိုင်ပြီး ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော ရေယုန်နာကိုလည်း သက်သာပျောက်ကင်းစေသည်။

## Omega 3-6-9 (အိုမီဂါ ၃-၆-၉)






- ကျန်းမာရေးအတွက် သင့်လျော်သည့် ပေါ်လီမပြည့်ဝဆီနှင့် မိုနိုမပြည့်ဝဆီများ ကြွယ်ဝစွာ ပါဝင်သော နှင်းဆီသီး (Rosehip)၊ သဲဆူးသီး (Sea Buckthorn)၊ နှမ်းကြတ်စေ့ (Flax seeds) တို့မှ ထုတ်လုပ်ထားသည်။
- နှလုံးကျန်းမာရေးကို တိုးတက်ကောင်းမွန်စေကာ သွေးတွင်းရှိ မကောင်းသော ကိုလက်စထရောအဆီများကို လျှော့ချပေးနိုင်သည်။
- ဦးနှောက်နှင့် အာရုံကြော ကျန်းမာရေးကို အထောက်အကူပြုပြီး ရောင်ရမ်းမှုများကို သက်သာစေနိုင်သည်။
- အရေပြားရှိ အစိုဓာတ်ကို ထိန်းပေးပြီး အသားအရေကို တင်းရင်းလှပစေသည်။ နေရောင်ခြည်ကြောင့်ဖြစ်သော အသားအရေ ထိခိုက်မှုများမှ ကာကွယ်ပေးနိုင်သည်။

## Salixin® (မိုးမခဆေး)






